# ဓမ္မခန္ဓာ (၂၄) ရောင်ခြည်တော် (အလ် နူးရ်)

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၁၀၂။ သုတ်ဒေသနာ– ၆၄ ပါး။

ဦးဖြေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁း၁

| | |
|---|---|
| ၁။ | **سُورَةٌ أَنزَلْنَاهَا وَفَرَضْنَاهَا وَأَنزَلْنَا فِيهَا آيَاتٍ بَيِّنَاتٍ لَّعَلَّكُمْ تَذَكَّرُونَ۞**<br>ငါ ချမှတ်ပေးသော ဓမ္မခန္ဓာတစ်ပါး၊ ငါသည် ၎င်းကို ဥပဒေ ဖြစ်စေ၏။ သင်တို့ သတိရစေအံ့ငှာ ၎င်း၌ ရှင်းလင်းထင်ရှားသော သုတ်ဒေသနာများကို ချမှတ်ပေးတော်မူ၏။ |
| ၂။ | **الزَّانِيَةُ وَالزَّانِي فَاجْلِدُوا كُلَّ وَاحِدٍ مِّنْهُمَا مِئَةَ جَلْدَةٍ وَلَا تَأْخُذْكُم بِهِمَا رَأْفَةٌ فِي دِينِ اللَّهِ إِن كُنتُمْ تُؤْمِنُونَ بِاللَّهِ وَالْيَوْمِ الْآخِرِ وَلْيَشْهَدْ عَذَا بَهُمَا طَائِفَةٌ مِّنَ الْمُؤْمِنِينَ۞**<br>ဖေါက်ပြန်မေထုံပြုသူ၊ ဖေါက်ပြန်မေထုံပြုသူမ၊ သူတို့ကိုယ်စီအား ကြိမ်ဖြင့် တစ်ရာစီ ရိုက်လော့၊ သူတို့အား စာနာ၍ ပရမတ်ဘုရားရှင်၏ သာသနာအား မသိမ်းယူကြလင့်၊ သင်တို့သည် ပရမတ်ဘုရားရှင်နှင့် နောင်ဘဝ ကာလအား ယုံကြည်လျှင် ယုံကြည်သူမှ တစ်စုအား သူတို့အား ဝဋ်ဒဏ်ပေးခြင်းတွင် သက်သေသက်ကန် ရှိစေလော့၊၇၉၃ |
| ၃။ | **الزَّانِي لَا يَنكِحُ إِلَّا زَانِيَةً أَوْ مُشْرِكَةً وَالزَّانِيَةُ لَا يَنكِحُهَا إِلَّا زَانٍ أَوْ مُشْرِكٌ وَحُرِّمَ ذَلِكَ عَلَى الْمُؤْمِنِينَ۞**<br>ဖေါက်ပြန်မေထုံပြုသူသည် ဖေါက်ပြန်မေထုံပြုသူမ သို့မဟုတ် ရောပြွန်းကိုးကွယ်သူမကိုသာ ပေါင်းဖက်နိုင်၏၊ ဖေါက်ပြန်မေထုံပြုသူမသည်လည်း ဖေါက်ပြန်မေထုံပြုသူ သို့မဟုတ် ရောပြွန်းကိုးကွယ်သူကိုသာ ပေါင်းဖက်နိုင်၏၊ ထိုကိစ္စကို ယုံကြည်သူများ အတွက် တရားမဝင် ပညတ်ပြီး ဖြစ်၏။၇၉၄ |
| ၄။ | **وَالَّذِينَ يَرْمُونَ الْمُحْصَنَاتِ ثُمَّ لَمْ يَأْتُوا بِأَرْبَعَةِ شُهَدَاء فَاجْلِدُوهُمْ ثَمَانِينَ جَلْدَةً وَلَا تَقْبَلُوا لَهُمْ شَهَادَةً أَبَدًا** |

(၇၉၃) ဤသည် အသေသတ်ခိုင်းသော ဥပဒေ မဟုတ်ပေ။ အာရဗ်တို့၏ ရှေးဟောင်း ယဉ်ကျေးမှုမှ သယ်လာသော ခဲနှင့် ထုသတ်သည့် ဥပဒေသည်လည်း ကျမ်းတော်၌ မပါဝင်ချေ။ တရားဝင် အိမ်ထောင်ပြုခွင့်ကို လွတ်လပ်စွာပေးထားသော အစ္စလာမ် သာသနာသည် ကာမဖေါက်ပြန်မှုကို လုံးဝ တားမြစ်သည်ဟု ပေါ်လွင်စေရန် ဥပဒေ ချမှတ်ထားခြင်း ဖြစ်ပေသည်။ အိမ်ထောင်တစ်ခု ပြိုကွဲပျက်စီးရမည့် အခြေအနေ၊ သားသမီးများ မျက်နှာငယ် အရှက်ရစေရ ရမည့် အခြေအနေကို ကြိုတင် တားမြစ်ခြင်းသာ ဖြစ်ပေသည်။ **ကြိမ်ဖြင့် တရာစီ ရိုက်လော့** ဟု ဆိုသည်မှာ **ထိရောက်စွာ အရေးယူလော့** ဟုသာ ဆိုလိုပေသည်၊ ၅း၃၈ ၏ အောက်ခြေတွင် ကြည့်ပါ။ တနည်းအားဖြင့် အပြစ်လုပ်နေသ၍ လူတော မတိုးရဲအောင် ဆုံးမစေခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် လူထုရှေ့မှောက် သက်သေထား၍ အပြစ်ပေးကြဟု သုံးနှုန်းပြောဆိုထားခြင်း ဖြစ်ပေသည်။ ကိုယ်တော် မုဟမ္မဒ် လက်ထက် ဤဥပဒေအား ပြဋ္ဌာန်းစဉ်၊ သို့မဟုတ် ပြဋ္ဌာန်းပြီးနောက် ဤအမှုဖြင့် အသေရိုက်သတ်ခဲ့သော၊ အသေ ခဲဖြင့်ထုသတ်ခဲ့သော သမိုင်း မရှိသည့်အပြင်၊ မွတ်ဆလင် ဆိုသူ အများစုကြီး၏ ထင်မှတ်နေသော ယုံကြည်မှုကြီးကို အတည်ပြုပေးထားသော အထောက်အထား ကျမ်းတော်တွင် မပါဝင်ပေ။ ဤဥပဒေသည် သူတစ်ပါးအား ကာမဖေါက်ပြန်သည်ဟု စွပ်စွဲသော သူများကို– ပညာပေးရန်၊ **သင်တို့ စွပ်စွဲသလို ဟုတ်လျှင် ထိုကျူးလွန်သူအား ဤသို့အပြစ်ပေးကြ၊ အကယ်၍ မဟုတ်က စွပ်စွဲသူအား ကြိမ်ဒဏ် အချက် ၈၀ ကို ပေးကြ၊** (၂၄း၄) ဟု စွပ်စွဲသူ၏– မဟုတ် မဟတ် စွပ်စွဲချက်ကို ချေပပေးသော ဥပဒေသာလျှင် ဖြစ်ပေသည်။ အစ္စလာမ့် သမိုင်းမှန်ကို သိသူတိုင်းသည် ဤဥပဒေအား နားလည်မှု မလွဲသင့်ပေ။ သာသနာ့ အတွင်းရန်သူတို့က ကျမ်းတော်အား ကမောက်ကမ ပြန်ဆိုထားသည်ကို နောက်ယောင်ခံ မလိုက်သင့်တော့ပေ။ ၂၄း၄ အောက် ခြေတွင် ဆက်ကြည့်ပါ။

(၇၉၄) ဤသုတ်တော်မှ ပြောထားသော စကားအရ **နေကာဟ်** ဟူသည်ကို နားလည်နိုင်ပေသည်။ စရိုက်ပျက်နေသောသူသည် စရိုက်ပျက်သော သူမကို သို့မဟုတ် တိကျသော ဥပဒေ တစ်ခုကို မလိုက်နာသော သူမ (ရောပြွန်းကိုးကွယ်သူမ)ကိုသာ စည်းရုံးသိမ်းသွင်းနိုင်ကြောင်းကိုသာ ပြောဆိုခြင်း ဖြစ်ပေသည်။ မည်သူနှင့် မည်သူ ညားစေဟု အမိန့်အာဏာဖြင့် သတ်မှတ်ထားခြင်း မဟုတ်ချေ။

| | |
|---|---|
| | وَأُوْلَئِكَ هُمُ الْفَاسِقُونَ۞<br>ကာမစည်းစောင့်သူမအား စွပ်စွဲပုတ်ခတ်သော သူ၊ ထိုသူသည် သက်သေလေးဦးကို မပေးအပ်နိုင်လျှင်၊ သူတို့အား ကြိမ်ဖြင့် ရှစ်ဆယ်စီ ရိုက်လော့။ ထို့နောက် သူတို့၏ သက်သေထွက်ချက်ကို မည်သည့်အခါတွင်မှ အတည်မဖြစ်စေလင့်၊ ထိုသူတို့သည် ယုတ်မာကောက်ကျစ်သူများ ဖြစ်ကြ၏။ |
| ၅။ | إِلَّا الَّذِينَ تَابُوا مِن بَعْدِ ذَلِكَ وَأَصْلَحُوا فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ۞<br>အကယ်၍ သူတို့သည် ခဝါချကြလျက်၊ သည့်နောက်တွင် ပြုပြင်ပြောင်းလဲကြလျှင် ဧကန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။[၇၆၅] |
| ၆။ | وَالَّذِينَ يَرْمُونَ أَزْوَاجَهُمْ وَلَمْ يَكُن لَّهُمْ شُهَدَاء إِلَّا أَنفُسُهُمْ فَشَهَادَةُ أَحَدِهِمْ أَرْبَعُ شَهَادَاتٍ بِاللَّهِ إِنَّهُ لَمِنَ الصَّادِقِينَ۞<br>ပေါင်းဖော်ကြင်ဘက်များကို စွပ်စွဲပုတ်ခတ်လျှက် မိမိ၏ စိတ်စရိုက်မှအပ အခြားသက်သေ မရှိလျှင်၊ သူတို့အနက် ထိုသူတစ်ယောက်အား ပရမတ်ဘုရားရှင်အား တိုင်တည်လျှက် သူသည် ဖြောင့်မှန်သူ ဧကန် ဖြစ်ပါ၏၊ ဟု လေးကြိမ် သက်သေထွက်စေလျှက်– |
| ၇။ | وَالْخَامِسَةُ أَنَّ لَعْنَتَ اللَّهِ عَلَيْهِ إِن كَانَ مِنَ الْكَاذِبِينَ وَيَدْرَأُ۞<br>ငါးကြိမ်မြောက်၌ အကယ်၍ သူသည် လိမ်လည်မှုသားပြုသူမှ ဖြစ်လျှင် သူအပေါ်သို့ ပရမတ်ဘုရားရှင်ထံမှ ကံကြီးသင့်ပါစေဟု ကျိန်စေလော့။ |
| ၈။ | عَنْهَا الْعَذَابَ أَنْ تَشْهَدَ أَرْبَعَ شَهَادَاتٍ بِاللَّهِ إِنَّهُ لَمِنَ الْكَاذِبِينَ۞<br>သူမအတွက်မူ၊ သူသည် လိမ်ညာသူ ဖြစ်ပါသည်ဟု– ပရမတ်ဘုရားရှင်အား သက်သေပြုလျှက် လေးကြိမ်မြောက် သက်သေပြုပြီးသော် အပြစ်ဝင့်ဒဏ်ကို ပလပ်စေရမည်။ |
| ၉။ | وَالْخَامِسَةَ أَنَّ غَضَبَ اللَّهِ عَلَيْهَا إِن كَانَ مِنَ الصَّادِقِينَ۞<br>ငါးကြိမ်မြောက်၌ အကယ်၍ သူသည် ဖြောင့်မှန်စွာ ပြောခဲ့လျှင် သူမအား ပရမတ်ဘုရားရှင်၏ထံမှ ကံကြီးသင့်ရပါစေ ဟု ကျိန်ဆိုစေရမည်။ |
| ၁၀။ | وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ وَأَنَّ اللَّهَ تَوَّابٌ حَكِيمٌ۞<br>ပရမတ်ဘုရားရှင်၏ သိက္ခာပေးခြင်းနှင့် ကရုဏာသည် သင်တို့အပေါ်၌ မသက်ခဲ့သော်––၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် သင်ပုန်းချေပေးသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၁၁။ | إِنَّ الَّذِينَ جَاؤُوا بِالْإِفْكِ عُصْبَةٌ مِّنكُمْ لَا تَحْسَبُوهُ شَرًّا لَّكُم بَلْ هُوَ خَيْرٌ لَّكُمْ لِكُلِّ امْرِئٍ مِّنْهُم مَّا اكْتَسَبَ مِنَ الْإِثْمِ وَالَّذِي تَوَلَّى كِبْرَهُ مِنْهُمْ لَهُ عَذَابٌ عَظِيمٌ۞ |

(၇၆၅) ဤသုတ်တော်တွင် ပြောဆိုသော **သူတို့သည်** ဆိုသည်မှာ အထက်တွက် ဖေါ်ပြခဲ့သော မကောင်းမှုပြုသူ အားလုံးကို ဆိုလိုပေသည်။ အကယ်၍ မကောင်းမှုပြုသူတို့အား ရိုတ်သတ်၊ ခဲထုသတ်ခဲ့ပြီးသော်၊ ထိုသူတို့မှာ သေသွားပြီဖြစ်၍၊ မည်သို့ ပြုပြင်ပြောင်းလဲ နိုင်အံ့နည်း၊ ထို့ကြောင့် ကျမ်းတော်တွင် ဖေါ်ပြသော **ကြိမ်ဖြင့် ရိုတ်လော့** ဆိုသည်မှာ၊ မကောင်းမှုအား ဆက်လက် မလုပ်ဆောင်စေရန် ဆုံးမစေခြင်းသာ ဖြစ်၍ အသေသတ်ခိုင်းခြင်း မဟုတ် ဆိုသည်ကို နားလည် သဘောပေါက်ရန် လိုအပ်ပေသည်။ အစ္စလာမ် ဥပဒေ ပညာရှင်များသည်လည်း ဤကိစ္စ၌ ရေငုံနှုတ်ပိတ် မနေသင့်တော့ပေ။ မိရိုးဖလာဝါဒီများ လွှမ်းမိုးထားသော ကျောင်းတော်ဝါဒအား ပြန်လည်သုံးသပ်ရန် လိုပေပြီ။ ဤသို့ ကြီးမားသော အမှုတိုင်းတွင် လွတ်ငြိမ်းခွင့် ရှိနေသည်ဟူသည့် သဘောကို ၂း၁၇၈ လူသတ်မှုအား အရေးယူမှုတွင်လည်း ဖေါ်ပြထားပေသည်။ အပြစ်တစ်ခုတွင် အမြင့်ဆုံးထိ အပြစ်ပေးနိုင်ခြင်းကို ဖေါ်ပြ၍၊ အသက်ညှာဆုံး လွတ်ငြိမ်းခွင့်ကိုလည်း ကျမ်းတော်၌ ဖေါ်ပြပေသည်၊ ထိုနှစ်ခုကြားတွင် အပြစ် အတိမ်အနက်အရ ဥပဒေပြုစုရန်မှာ ဥပဒေပညာရှင်တို့၏ အလုပ်ဖြစ်ပေသည်။ ဗလီဆရာတို့၏ အလုပ်မဟုတ်ချေ။

| | |
|---|---|
| | ကေန်ပင်၊ လုပ်ဇာတ်ခင်း ဖန်တီးသူများသည် သင်တို့မှ အသင်းတစ်သင်း ဖြစ်၏။ ၎င်းကို သင်တို့အတွက် အဆိုးတရား ဟု မထင်မှတ်လင့်၊ အမှန်မှာ ၎င်းသည် သင်တို့အတွက် အကောင်းပင် ဖြစ်၏။ သူတို့မှ တစ်ဦးတစ်ယောက်စီအတွက် သူတို့ ဆည်းပူးခဲ့သော မကောင်းမှုသည် ရှိ၏၊ သူတို့အနက် အကြီးဆုံး လှည့်ကွက်ဆင်သူသည် သူ့အတွက် ဝဋ်ကြွေး ကြီးကြီး ရှိနေ၏။ |
| ၁၂။ | لَوْلَا إِذْ سَمِعْتُمُوهُ ظَنَّ الْمُؤْمِنُونَ وَالْمُؤْمِنَاتُ بِأَنفُسِهِمْ خَيْرًا وَقَالُوا هَذَا إِفْكٌ مُّبِينٌ<br>ထိုအကြောင်းကို ကြားရသော်၊ ယုံကြည်သူ၊ ယုံကြည်သူမများသည် သူတို့ စရိုက်တူချင်း အကောင်းကိုသာ စူးစမ်း သင့်သည်မှာ– အပြောစကား ဤသည် လုပ်ဇာတ်တစ်ခုသာ ဖြစ်၏။– |
| ၁၃။ | لَوْلَا جَاؤُوا عَلَيْهِ بِأَرْبَعَةِ شُهَدَاء فَإِذْ لَمْ يَأْتُوا بِالشُّهَدَاء فَأُوْلَئِكَ عِندَ اللَّهِ هُمُ الْكَاذِبُونَ<br>ထိုအမှုအတွက် သက်သေလေးဦးကို မရောက်ရှိစေနိုင်သော်၊ သက်သေများကို မပေးရောက်နိုင်သောအခါ၊ သူတို့သည် ပရမတ်ဘုရားရှင်၏ ထံတော်၌ လိမ်ညာပြင်းဆန်သူများသာ ဖြစ်၏။– |
| ၁၄။ | وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ فِي الدُّنْيَا وَالْآخِرَةِ لَمَسَّكُمْ فِي مَا أَفَضْتُمْ فِيهِ عَذَابٌ عَظِيمٌ<br>ဤဘဝ နောင်ဘဝတွင် သင်တို့အပေါ်၌ ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှု၊ ကရုဏာသက်မှု မရှိခဲ့သော်၊ ဤတာဝန် အတွက် သင်တို့အပေါ်၌ ဝဋ်ကြွေးကြီးကြီး သင့်လေလတ္တံ့။ |
| ၁၅။ | إِذْ تَلَقَّوْنَهُ بِأَلْسِنَتِكُمْ وَتَقُولُونَ بِأَفْوَاهِكُم مَّا لَيْسَ لَكُم بِهِ عِلْمٌ وَتَحْسَبُونَهُ هَيِّنًا وَهُوَ عِندَ اللَّهِ عَظِيمٌ<br>သင်တို့သည် တပ်အပ်မသိဘဲလျက် ထိုအကြောင်းကို လျှာဖြင့် လက်ခံ၍၊ ပါးစပ်ဖြင့် ပြောဆိုသောအခါ၊ ထိုအရာကို အသေးအဖွဲ့ဟု ထင်မှတ်၏။ ထိုအရာသည် ပရမတ်ဘုရားရှင်၏ ထံတော်၌ ကြီးမားလှပေ၏။ |
| ၁၆။ | وَلَوْلَا إِذْ سَمِعْتُمُوهُ قُلْتُم مَّا يَكُونُ لَنَا أَن نَّتَكَلَّمَ بِهَذَا سُبْحَانَكَ هَذَا بُهْتَانٌ عَظِيمٌ<br>ထိုအကြောင်းကို ကြားသောအခါ၊ သင်တို့ပြောသင့်သည်မှာ "ဤမဟုတ်မှန်မှုကို ကျွန်ုပ်တို့ မပြောဆိုအပ်။ တုနှိုင်းမဲ့ အရှင်အား တိုင်တည်လျက်– ဤသည် ကြီးမားသော သွားပုပ်လေလွင့်မှု ဖြစ်၏။" |
| ၁၇။ | يَعِظُكُمُ اللَّهُ أَن تَعُودُوا لِمِثْلِهِ أَبَدًا إِن كُنتُم مُّؤْمِنِينَ<br>သင်တို့သည် ယုံကြည်သူ အမှန်ဖြစ်လျှင်၊ ဤကဲ့သို့အမှုအား ဆက်မကျူးလွန်ရန် ပရမတ်ဘုရားရှင်က ဩဝါဒပေး၏။ |
| ၁၈။ | وَيُبَيِّنُ اللَّهُ لَكُمُ الْآيَاتِ وَاللَّهُ عَلِيمٌ حَكِيمٌ<br>ပရမတ်ဘုရားရှင်သည် သင်တို့အတွက် သုတ်ဒေသနာများကို ရှင်းလင်းထင်ရှားစေ၏။ ပရမတ်ဘုရားရှင်သည်ကား သိနေသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၁၉။ | إِنَّ الَّذِينَ يُحِبُّونَ أَن تَشِيعَ الْفَاحِشَةُ فِي الَّذِينَ آمَنُوا لَهُمْ عَذَابٌ أَلِيمٌ فِي الدُّنْيَا وَالْآخِرَةِ وَاللَّهُ يَعْلَمُ وَأَنتُمْ لَا تَعْلَمُونَ<br>ယုံကြည်သောသူများ၏ အကြား၌ မကြားဝံ့မနာသာမှုကို ဖြန့်ချိရန် မြတ်နိုးနှစ်သက်နေသော သူတို့သည်ကား၊ သူတို့ အတွက် ဤဘဝ နောင်ဘဝတွင် စူးနစ်နာကျင်သော ဝဋ်ကြွေးဒဏ်သည် ရှိနေ၏။ ပရမတ်ဘုရားရှင်သည်ကား သိနေ တော်မူ၏။ သင်တို့သည် သိနိုင်ကြသည် မဟုတ်ချေ။ |
| ၂၀။ | وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ وَأَنَّ اللَّهَ رَؤُوفٌ رَحِيمٌ<br>သင်တို့၏ အပေါ်၌ ဤဘဝ နောင်ဘဝတွင် ပရမတ်ဘုရားရှင်၏ သိက္ခာပေးမှုနှင့် ကရုဏာ မသက်ခဲ့လေလျှင်–။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သက်ညှာသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |

| | |
|---|---|
| ၂၁။ | يَا أَيُّهَا الَّذِينَ آمَنُوا لَا تَتَّبِعُوا خُطُوَاتِ الشَّيْطَانِ وَمَن يَتَّبِعْ خُطُوَاتِ الشَّيْطَانِ فَإِنَّهُ يَأْمُرُ بِالْفَحْشَاء وَالْمُنكَرِ وَلَوْلَا فَضْلُ اللَّهِ عَلَيْكُمْ وَرَحْمَتُهُ مَا زَكَا مِنكُم مِّنْ أَحَدٍ أَبَدًا وَلَكِنَّ اللَّهَ يُزَكِّي مَن يَشَاء وَاللَّهُ سَمِيعٌ عَلِيمٌ۞<br>အို ယုံကြည်သောသူတို့၊ မကောင်းဆိုးဝါး၏ ခြေရာနောက်သို့ မလိုက်နာကြကုန်လင့်၊ မကောင်းဆိုးဝါး၏ ခြေရာနောက်သို့ လိုက်နာသောသူ၊ ထိုသူအား ၎င်းက မကြားဝံ့မနာသာမှုနှင့် မကောင်းမှုသို့ စီမံပေးလတ္တံ့၊ သင်တို့အပေါ်သို့ ပရမတ်ဘုရားရှင်က သိက္ခာပေးမှုနှင့် ကရုဏာ မသက်ခဲ့လေသော် သင်တို့အနက် တစ်ဦးတစ်ယောက်သည်မှ သန့်ရှင်းစင်ကြယ်သူ ဖြစ်လာတော့မည် မဟုတ်ချေ။ သို့ရာတွင် ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သည့်အလျောက် သန့်ရှင်းစင်ကြယ်စေ၏။ ပရမတ်ဘုရားရှင်သည် ကြားနေတော်မူ၏၊ သိနေတော်မူ၏။ |
| ၂၂။ | وَلَا يَأْتَلِ أُوْلُوا الْفَضْلِ مِنكُمْ وَالسَّعَةِ أَن يُؤْتُوا أُوْلِي الْقُرْبَى وَالْمَسَاكِينَ وَالْمُهَاجِرِينَ فِي سَبِيلِ اللَّهِ وَلْيَعْفُوا وَلْيَصْفَحُوا أَلَا تُحِبُّونَ أَن يَغْفِرَ اللَّهُ لَكُمْ وَاللَّهُ غَفُورٌ رَّحِيمٌ۞<br>သင်တို့အနက်မှ ကျယ်ဝန်းမှု၊ ဥစ္စာပစ္စည်းများဖြင့် သိက္ခာပေးခံရသူများအား မိမိတို့၏ နီးစပ်သူများ၊ သူဆင်းရဲများ၊ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်အတွက် ထွက်ခွာခဲ့ရသူများကို မပေးကမ်းဟု စိတ်မဖြတ်စေလင့်၊ ခွင့်လွှတ်၍ အလိုက်သိပေးကြလော့၊ သင်တို့သည် ပရမတ်ဘုရားရှင်က လွတ်ငြိမ်းခွင့်ပေးမည်ကို မနှစ်သက်ကြသလော၊ ပရမတ်ဘုရားရှင်သည်ကား လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၂၃။ | إِنَّ الَّذِينَ يَرْمُونَ الْمُحْصَنَاتِ الْغَافِلَاتِ الْمُؤْمِنَاتِ لُعِنُوا فِي الدُّنْيَا وَالْآخِرَةِ وَلَهُمْ عَذَابٌ عَظِيمٌ۞<br>မေ့လျော့လစ်ဟင်းမိသော– ကာမစည်းစောင့်သူမ၊ ယုံကြည်သူမတို့အား ပုပ်ခတ်စွပ်စွဲသည့် သူတို့သည်၊ ဤဘဝ နောင်ဘဝ၌ မေတ္တာမဲ့ခြင်းခံရစေမည်၊ သူတို့အတွက် ဝဋ်ကြွေးကြီးကြီး ရှိနေ၏။ |
| ၂၄။ | يَوْمَ تَشْهَدُ عَلَيْهِمْ أَلْسِنَتُهُمْ وَأَيْدِيهِمْ وَأَرْجُلُهُم بِمَا كَانُوا يَعْمَلُونَ۞<br>သူတို့၏ လျှာများ၊ သူတို့၏ လက်များ၊ သူတို့၏ ခြေများအား ၎င်းတို့ကျင့်ကြံခဲ့မှုနှင့် စပ်လျဉ်း၍ သူတို့အပေါ်၌ သက်သေ ဖြစ်စေသော နေ့ကာလ၌–။ |
| ၂၅။ | يَوْمَئِذٍ يُوَفِّيهِمُ اللَّهُ دِينَهُمُ الْحَقَّ وَيَعْلَمُونَ أَنَّ اللَّهَ هُوَ الْحَقُّ الْمُبِينُ۞<br>ထိုနေ့ကာလ၌ ပရမတ်ဘုရားရှင်သည် မှန်ကန်သော ဥပဒေဖြင့် သူတို့အား ဖြည့်ဆီးတော်မူ၍၊ သူတို့က ပရမတ်ဘုရားရှင် ထိုအရှင်သည် ရှင်းလင်းထင်ရှားသော အမှန်တရား၌ရှိကြောင်း သူတို့ ကေန် သိကြလတ္တံ့။ |
| ၂၆။ | الْخَبِيثَاتُ لِلْخَبِيثِينَ وَالْخَبِيثُونَ لِلْخَبِيثَاتِ وَالطَّيِّبَاتُ لِلطَّيِّبِينَ وَالطَّيِّبُونَ لِلطَّيِّبَاتِ أُوْلَئِكَ مُبَرَّؤُونَ مِمَّا يَقُولُونَ لَهُم مَّغْفِرَةٌ وَرِزْقٌ كَرِيمٌ۞<br>မသန့်စင်ရာတို့သည် မသန့်စင်သူတို့အတွက်၊ မသန့်စင်သူတို့အတွက် မသန့်စင်ရာတို့သည် ဖြစ်၏။ သန့်စင်ရာတို့သည် သန့်စင်သူတို့အတွက်၊ သန့်စင်သူတို့အတွက် သန့်စင်ရာတို့သည် ဖြစ်၏။ ထိုသူတို့သည် ၎င်းတို့ပြောဆိုကြရာများနှင့် ကင်းလွတ်၏။ သူတို့အတွက် လွတ်ငြိမ်းခြင်းနှင့် ကျက်သရေရှိသော ရိက္ခာများ ရှိ၏။ |
| ၂၇။ | يَا أَيُّهَا الَّذِينَ آمَنُوا لَا تَدْخُلُوا بُيُوتًا غَيْرَ بُيُوتِكُمْ حَتَّى تَسْتَأْنِسُوا وَتُسَلِّمُوا عَلَى أَهْلِهَا ذَلِكُمْ خَيْرٌ لَّكُمْ لَعَلَّكُمْ تَذَكَّرُونَ۞<br>အို ယုံကြည်သောသူတို့၊ သင်တို့၏ အိမ်များမှ အပ အခြားအိမ်များသို့ အိမ်ရှင်ထံမှ ခွင့်မတောင်းဘဲ၊ ငြိမ်းချမ်းပါစေဟု မဆိုဘဲ မဝင်ကြကုန်လင့်၊ ဤသည် သင်တို့အတွက် ပိုမိုကောင်းမြတ်၏။ သင်တို့ သတိထားနိုင်ပါလေစ။ |
| ၂၈။ | فَإِن لَّمْ تَجِدُوا فِيهَا أَحَدًا فَلَا تَدْخُلُوهَا حَتَّى يُؤْذَنَ لَكُمْ وَإِن قِيلَ لَكُمُ ارْجِعُوا فَارْجِعُوا هُوَ أَزْكَى لَكُمْ وَاللَّهُ بِمَا |

**تَعْمَلُونَ عَلِيمٌ**۞

ထို၌ တစ်စုံတစ်ယောက်မှ မတွေ့ခဲ့လျှင်လည်း သင်တို့အား ခွင့်ပြုချက်မရလျှင် မဝင်ရောက်ကြကုန်လင့်၊ အကယ်၍ သင်တို့အား ပြန်ထွက်သွားရန် ပြောလျှင် ပြန်ထွက်သွားရမည်။ ၎င်းသည် သင်တို့အတွက် စင်ကြယ်လှ၏။ ပရမတ် ဘုရားရှင်သည်ကား ကျင့်ကြံလေသမျှကို သိနေတော်မူ၏။

၂၉။ **لَّيْسَ عَلَيْكُمْ جُنَاحٌ أَن تَدْخُلُوا بُيُوتًا غَيْرَ مَسْكُونَةٍ فِيهَا مَتَاعٌ لَّكُمْ وَاللَّهُ يَعْلَمُ مَا تُبْدُونَ وَمَا تَكْتُمُونَ**۞

နေထိုင်သူ မရှိသော အိမ်များသို့ သင်တို့၏ လိုအပ်ချက်အတွက် ဝင်ရောက်ခြင်းသည် သင်တို့၌ အပြစ်မထိုက်ချေ။ သင် တို့၏ ဖွင့်ဟဝန်ခံရာ၊ ထိန်ဝှက်ထားရာအားလုံးကို ပရမတ်ဘုရားရှင်သည် သိနေတော်မူ၏။

၃၀။ **قُل لِّلْمُؤْمِنِينَ يَغُضُّوا مِنْ أَبْصَارِهِمْ وَيَحْفَظُوا فُرُوجَهُمْ ذَلِكَ أَزْكَى لَهُمْ إِنَّ اللَّهَ خَبِيرٌ بِمَا يَصْنَعُونَ**۞

ယုံကြည်သူများအား စက္ခုအိန္ဒြေရှိရန်၊ သူတို့၏ အရှက်အင်္ဂါကို စောင့်ထိန်းရန် ဟောကြားလော့။ ဤသည် သူတို့ အတွက် စင်ကြယ်လှပေ၏။ သူတို့၏ ပြုမူခြင်းများကို ပရမတ်ဘုရားရှင်သည် ကေန်ပင် သတင်းသိနေတော်မူ၏။

၃၁။ **وَقُل لِّلْمُؤْمِنَاتِ يَغْضُضْنَ مِنْ أَبْصَارِهِنَّ وَيَحْفَظْنَ فُرُوجَهُنَّ وَلَا يُبْدِينَ زِينَتَهُنَّ إِلَّا مَا ظَهَرَ مِنْهَا وَلْيَضْرِبْنَ بِخُمُرِهِنَّ عَلَى جُيُوبِهِنَّ وَلَا يُبْدِينَ زِينَتَهُنَّ إِلَّا لِبُعُولَتِهِنَّ أَوْ آبَائِهِنَّ أَوْ آبَاء بُعُولَتِهِنَّ أَوْ أَبْنَائِهِنَّ أَوْ أَبْنَاء بُعُولَتِهِنَّ أَوْ إِخْوَانِهِنَّ أَوْ بَنِي إِخْوَانِهِنَّ أَوْ بَنِي أَخَوَاتِهِنَّ أَوْ نِسَائِهِنَّ أَوْ مَا مَلَكَتْ أَيْمَانُهُنَّ أَوِ التَّابِعِينَ غَيْرِ أُوْلِي الْإِرْبَةِ مِنَ الرِّجَالِ أَوِ الطِّفْلِ الَّذِينَ لَمْ يَظْهَرُوا عَلَى عَوْرَاتِ النِّسَاء وَلَا يَضْرِبْنَ بِأَرْجُلِهِنَّ لِيُعْلَمَ مَا يُخْفِينَ مِن زِينَتِهِنَّ وَتُوبُوا إِلَى اللَّهِ جَمِيعًا أَيُّهَا الْمُؤْمِنُونَ لَعَلَّكُمْ تُفْلِحُونَ**۞

ယုံကြည်သော သူမတို့အား စက္ခုအိန္ဒြေရှိကြရန်၊ သူမတို့၏ အရှက်အင်္ဂါများကို စောင့်ထိန်းရန် ဟောကြားလော့။ မြင် ကွင်းကျသည်မှအပ သူမတို့၏ ကိုယ်အလှကို မဖေါ်ကြလင့်၊ သူမတို့၏ ရင်သားများပေါ်၌ အတွင်းခံများကို[၇၄၆] ဝတ်ဆင် စေလော့။ သူမတို့၏ ကိုယ်အလှများကို သူမတို့၏ လင်ယောကျ်ားများ သို့မဟုတ် သူမတို့၏သားများ သို့မဟုတ် သူမ တို့၏ လင်ပါသားများ သို့မဟုတ် သူမတို့၏ အစ်ကိုမောင်များ သို့မဟုတ် သူမတို့ အစ်ကိုမောင်တို့၏ သားများ သို့မ

---

(၇၄၆) **خُمُر ခုမုရ်** ဆိုသော စကားလုံးကို ဆရာတော်ကြီးများက **ဦးခေါင်းမှ ခြေဖျားထိ ဖုံးလွှမ်းသော အရာ** ဟု လည်းကောင်း၊ အချို့ဆရာတော်များကလည်း **ဦးခေါင်းမှ ရင်ညွန့်အောက်နားထိ ရောက်စေသော ခေါင်းဆောင်းပဝါ** ဟု လည်းကောင်း၊ အချို့က **ဦးခေါင်းမှ ခြေဖျားထိ ဖုံးရမည့် အပြင် မျက်လုံးပေါက်ကိုပင် မြင်နိုင်ယုံမျှသာ၊ သို့မဟုတ် မျက်လုံးတစ်လုံးစာမျှသာ ဖေါက်ထားရမည့် အဝတ်အထည်** ဟု လည်းကောင်း သူတို့၏ ရိုးရာ မျက်မှန်များကို တပ်လျှက် ဘာသာပြန်ဆိုမှုများ တွေ့ရပေသည်။ မည်သူသည်မဆို မိမိ၏ ရိုးရာကို လိုက်နာခြင်းမှာ အပြစ်မရှိ သော်လည်း ကျမ်းတော်၏ အမှန်တရားအား သူတစ်ပါးသိစေရန် ဘာသာပြန်သည့် အခါတွင် မိမိ၏ ရိုးရာအား ကျမ်းတော်က သွန်သင်လေ သယောင် ကြားညှပ် အစာသွပ်ခြင်းမှာ ကျမ်းတော်အား စော်ကားခြင်းသာ ဖြစ်သည်။ ထိုဆရာတော်များ၏ ဤသုတ်တော်မှ **خمر** အား ဘာသာ ပြန်ခြင်းသည် ၃၃:၅၉ မှ **ဂျလာဘီ جَلَابِيِ** ကို **အပေါ်အင်္ကျီ** ဟူသော စကားကို ပြန်ဆိုခြင်းနှင့် အတူတူပင် ဖြစ်ပေသည်။ ထိုဆရာတော်များသည် ထိုမတူသော ဝေါဟာရ နှစ်လုံးကို သူတို့၏ ဘာသာပြန်၌ အတူတူပင် ပြန်ဆိုထားသည်မှာ လွန်စွာ အံ့သြစရာပင် ဖြစ်တော့သည်။ **خمر ခုမုရ်** ဟူသော စကားလုံး၏ ရင်းမြစ်ဝေါဟာရသည် ယစ်မူးစေသောအရာ၊ အရက် ဟု ဆိုသော **ခမ်းရွှန်** နှင့် ရင်းမြစ်တူ ဖြစ်၍၊ အတွင်းပိုင်း သဏ္ဍာန်အား ဖုံးလွှမ်းခြင်းကို ဆိုလို ပေသည်။ အရက်မူးသည့် အတွက် လူ၏ အတွင်းသဏ္ဍာန် အသိဉာဏ်ကိုသာ ဖုံးလွှမ်းခြင်း ဖြစ်၍၊ ရုပ်ဝတ္ထုကိုယ်ထည် ဦးခေါင်းခွံအား ဖုံးကွယ် သွားခြင်း မဟုတ်ချေ။ ဤသုတ်တော်တွင်လည်း **خمر** ဆိုသော စကားသည် အမျိုးသမီးများ အတွက် အတွင်းပိုင်း၌ ဖုံးကွယ်ထားရမည့် ရင်သား အား ဖုံးကွယ်စေသည့် အဝတ်ဖြစ်၍၊ အတွင်းခံအင်္ကျီ ကို ခေါ်ပေသည်။ ၎င်းကို **ရင်သားများပေါ်၌** ဟု တိုက်ရိုက်ဖေါ်ပြပြီးသား ဖြစ်ပေသည်။ **ရင်းသားများပေါ်၌** ဆိုသော စကားလုံးကို **ဦးခေါင်းပေါ်၌၊ လည်ပင်းပေါ်၌၊ မျက်နှာပေါ်၌** ဟု ချဲ့ထွင်ခြင်းမှာ သာသနာအား စော်ကားခြင်းသာ ဖြစ်ပေသည်။ **အပေါ်အင်္ကျီ** အကြောင်း ၃၃:၅၉ တွင်ကြည့်ပါ။ ခန္ဓာကိုယ်အောက်ပိုင်း၊ လုံချည်၊ ထဘီ၊ စကတ်၊ ဘောင်းဘီ စသည်တို့ ဝတ်ဆင်ရမည့် အကြောင်းမှာ ဤသုတ်တော်၌ **သူမတို့၏ ကိုယ်အလှများ ပေါ်လွင် သိသာစေနိုင်ရန် သူမတို့၏ ခြေများကို မကျဲစေကြလင့်** ဟု ဆိုထားပေသည်။ အဓိပ္ပါယ်မှာ **ခြေလှမ်း ကျဲကျဲလှမ်းလိုက်လျှင် အရှက်ပေါ်စေမည့် အဝတ်အထည်မျိုးကို မဝတ်စေနှင့်** ဟု ဖြစ်ပေသည်။ ဥပမာ စကတ်တိုတို ဝတ်ခြင်းမျိုးကို ဆိုလိုပေသည်။ ထိုမှအပ အခြား အရှက်လုံသော အဝတ်အစားအားလုံးကို ဝတ်ဆင်နိုင်ပေသည်။

| | |
|---|---|
| | ဟုတ် သူမတို့ ညီအစ်မတို့၏ သားများ သို့မဟုတ် မိန်းမချင်းနှင့် သူမတို့၏ ကြေးဇာခံများ သို့မဟုတ် ရာဂတဏှာစိတ် မရှိသော ဝန်ထမ်းယောကျ်ားများ[၇၄၇] သို့မဟုတ် အမျိုးသမီးတို့၏ ကိုယ်အင်္ဂါအား မသိနိုင်သော ကလေးသူငယ်များ၏ ရှေ့မှအပ မပေါ်စေကြလင့်။ သူမတို့၏ ကိုယ်အလှများ ပေါ်လွင်သိသာစေနိုင်ရန် သူမတို့၏ ခြေများကို မကျဲစေကြလင့်။ အို– ယုံကြည်သော သူအပေါင်းတို့၊ သင်တို့သည် အောင်မြင်ပေါက်မြောက်အံ့ သောငှာ ပရမတ်ဘုရားရှင်၏ ထံပါး၌ ခဝါချကြကုန်လော့။ |
| ၃၂။ | وَأَنكِحُوا الْأَيَامَى مِنكُمْ وَالصَّالِحِينَ مِنْ عِبَادِكُمْ وَإِمَائِكُمْ إِن يَكُونُوا فُقَرَاء يُغْنِهِمُ اللَّهُ مِن فَضْلِهِ وَاللَّهُ وَاسِعٌ عَلِيمٌ۝<br>သင်တို့အနက် တကိုယ်တည်းနေသူများ၊ သင်တို့၏ ဝန်ထမ်းယောကျ်ား၊ ဝန်ထမ်းမိန်းမများမှ ပြုပြင်ပြောင်းလဲသူများ၊ ထိုသူတို့သည် ဆင်းရဲချို့တဲ့ကြလျှင် သူတို့အား ပေါင်းဘက်ပေးကြလော့၊ ပရမတ်ဘုရားရှင်သည် အရှင်၏ သိက္ခာပေးခြင်းဖြင့် သူတို့အား ပြည့်စုံစေလိမ့်မည်။ ပရမတ်ဘုရားရှင်သည် ကွန့်မြူးနေတော်မူ၏၊ ဉာဏ်စေစားနေတော်မူ၏။ |
| ၃၃။ | وَلْيَسْتَعْفِفِ الَّذِينَ لَا يَجِدُونَ نِكَاحًا حَتَّى يُغْنِيَهُمْ اللَّهُ مِن فَضْلِهِ وَالَّذِينَ يَبْتَغُونَ الْكِتَابَ مِمَّا مَلَكَتْ أَيْمَانُكُمْ فَكَاتِبُوهُمْ إِنْ عَلِمْتُمْ فِيهِمْ خَيْرًا وَآتُوهُم مِّن مَّالِ اللَّهِ الَّذِي آتَاكُمْ وَلَا تُكْرِهُوا فَتَيَاتِكُمْ عَلَى الْبِغَاء إِنْ أَرَدْنَ تَحَصُّنًا لِّتَبْتَغُوا عَرَضَ الْحَيَاةِ الدُّنْيَا وَمَن يُكْرِههُّنَّ فَإِنَّ اللَّهَ مِن بَعْدِ إِكْرَاهِهِنَّ غَفُورٌ رَّحِيمٌ۝<br>ပရမတ်ဘုရားရှင်သည် အရှင်၏ သိက္ခာပေးမှုဖြင့် ကုံလုံပြည့်စေသည်အထိ ပေါင်းဘက်နေထိုင်ခြင်း မစွမ်းနိုင်သော သူတို့အား တည်တည်ငြိမ်ငြိမ်နေစေလော့။ သင်တို့၏ ကြေးဇာခံများမှ သင်တို့ထံတွင် မှတ်တမ်းစာချုပ် ရယူလိုလျှင် သူတို့၌ အကောင်းကို သင်တို့ သိရလျှင် သူတို့အတွက် ရေးသားပေးကြလော့။ ပရမတ်ဘုရားရှင်က သင်တို့အား ပေးအပ်ထားရာတို့မှ ဥစ္စာပစ္စည်းများကို သူတို့အား ပေးအပ်ကြလော့။ သင်တို့၏ လောကီဘဝ စည်းစိမ်ကို မက်၍၊ ကာမစည်းစောင့်လိုသော မိန်းကလေးများအား ပြည့်တန်ဆာအဖြစ်သို့ အဓမ္မမစေနှင့်၊ သူတို့အား အဓမ္မစေခဲ့လျှင်၊ ထိုသို့ အဓမ္မစေခံရပြီးနောက်၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။[၇၄၈] |
| ၃၄။ | وَلَقَدْ أَنزَلْنَا إِلَيْكُمْ آيَاتٍ مُّبَيِّنَاتٍ وَمَثَلًا مِّنَ الَّذِينَ خَلَوْا مِن قَبْلِكُمْ وَمَوْعِظَةً لِّلْمُتَّقِينَ۝<br>မုချပင် ငါအရှင်သည် သင်တို့အား၊ ရှင်းလင်းသော သုတ်ဒေသများနှင့်၊ သင်တို့ မတိုင်မီ ရှေးအတိတ်မှ ပမည်းပမာများကို ချမှတ်ပေးတော်မူ၏။ စည်းစောင့်သူများအတွက် အဆုံးအမဩဝါဒဖြစ်၏။ |
| ၃၅။ | اللَّهُ نُورُ السَّمَاوَاتِ وَالْأَرْضِ مَثَلُ نُورِهِ كَمِشْكَاةٍ فِيهَا مِصْبَاحٌ الْمِصْبَاحُ فِي زُجَاجَةٍ الزُّجَاجَةُ كَأَنَّهَا كَوْكَبٌ دُرِّيٌّ يُوقَدُ مِن شَجَرَةٍ مُّبَارَكَةٍ زَيْتُونِةٍ لَّا شَرْقِيَّةٍ وَلَا غَرْبِيَّةٍ يَكَادُ زَيْتُهَا يُضِيءُ وَلَوْ لَمْ تَمْسَسْهُ نَارٌ نُّورٌ |

(၇၄၇) ဤအပိုဒ်တွင် အကယ်၍ မလွဲမရှောင်သာ **ရောဂါဝေဒနာကြောင့်၊ သားဖွားခြင်းကြောင့်** အရှက်ကို ဖော်ရန် လိုအပ်ပါက၊ ဖော်ပိုင်ခွင့် ရှိကြောင်းကို ပညတ်ထားပေသည်။ ထိုအခြေအနေမျိုးတွင် ဤသုတ်တော်၌ ဖော်ပြပါ လူအမျိုးအစားများသည် လူနာအပေါ်၌ ရာဂတဏှာ မရှိနိုင်ပေ။ တဏှာရာဂစိတ် မရှိသော ဝန်ထမ်းများ ဆိုသည်မှာ ဆရာဝန်၊ သူနာပြုများကို ပြောဆို၍ ထိုပုဂ္ဂိုလ်များသည် ရောဂါကုသနေသော လူနာအပေါ်၌ တဏှာရာဂ စိတ်မထားခြင်းကို ဆိုလိုပေသည်။ ထို့ကြောင့်ကျမ်းတော်တွင် ဆိုလိုသော အဝတ်အစား ဆိုသည်မှာ ရာဂတဏှာ ဖြစ်စေခြင်း အစိတ်အပိုင်းများကို လုံစွာ ဖုံးအုပ်ခြင်းကိုသာ ဆိုလိုပေသည်။ တစ်ကိုယ်လုံးအား ကြပ်ထုပ်စည်း သကဲ့သို့ စည်းထားရမည်ဟု လုံးဝ မဆိုလိုပေ။ ကျမ်းတော်၏ ဥပဒေများသည် ချို့တဲ့ခြင်းကင်း၍ ပြီးပြည့်စုံပေသည်။ ကမ္ဘာ့လူသား အများစုသည် အင်္ကျီအဝတ်အစားကို ကောင်းမွန်လုံခြုံစွာ မဝတ်စားတတ်မီ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကပင် လူသားတို့၏ ယဉ်ကျေးမှုကို ကျမ်းတော်က ဤသို့ သွန်သင်ထားပြီ ဖြစ်ပေသည်။

(၇၄၈) အစ္စလာမ်သာသနာတွင် ကြေးဇာခံ အမျိုးသမီးတို့အား မိမိစိတ်တိုင်းကျ (အခြားတစ်ဘက်မှ အလိုတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ) ထိမ်းမြားလက်ထပ်နိုင်သည်ဟု သွန်သင်ခြင်း မရှိချေ။ ထိုအချက်ကို ဤသုတ်တော်က ထင်ရှားစွာ ထောက်ပြထားပေသည်။ အကယ်၍ သူတို့သည် မိမိ၏ ကြေးဇာခံဘဝ၊ ဝန်ထမ်းဘဝတွင် မနေလိုတော့၍ လွတ်လပ်ခွင့် လိုချင်လျှင် သူတို့အား စာချုပ်စာတမ်းဖြင့် လွတ်လပ်ခွင့် ပေးလိုက်ရမည် ဖြစ်သည်။ ထို့အပြင် ဆင်းရဲနွမ်းပါးသူတို့အား ပြည့်တန်ဆာဘဝသို့ ရောက်ရန် တွန်းပို့ခြင်းသည်လည်း လုံးဝ တရားမဝင်၊ တားမြစ်ထားသော အရာပင် ဖြစ်ပေသည်။ သူတို့၏ ဘဝကို ကယ်တင်ရမည်သာ ဖြစ်သည်။ (၄း၃။ ၅း၅) တို့တွင် ကြည့်ပါ။

| | |
|---|---|
| | **عَلَى نُورٍ يَهْدِي اللَّهُ لِنُورِهِ مَن يَشَاء وَيَضْرِبُ اللَّهُ الْأَمْثَالَ لِلنَّاسِ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ۞**<br>ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ ရောင်ခြည်တော် ဖြစ်၏။ အရှင်၏ ရောင်ခြည်တော်အား ပမာဆောင်သော် ကြေးမုံခွက်နောက်ခံဖြင့် မှန်သားပြင်ထဲမှ မီးအိမ်နှင့် တူ၏။ ထိုမီးအိမ်သည် ပုလဲဖြူရောင် တောက်ပသော ကြယ်ပွင့် ကဲ့သို့ ဖြစ်၏။ ၎င်းကို အရှေ့စွန်း အနောက်စွန်းမှ မဟုတ်သော ကျက်သရေရှိသည့် သံလွင်ပင်မှ ထွန်းညှိထား၏။ ထိုမှ အဆီသည် မီး ထိကူးခြင်းမရှိဘဲ ပင်ကိုယ်တောက်ပလျှက် ရှိ၏၊ ရောင်ခြည်ပေါ်၌ ရောင်ခြည် ထပ်ဆင့်လျှက် ရှိ၏။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သောသူအား အရှင်၏ ရောင်ခြည်တော်သို့ လမ်းညွှန်လျှက် ရှိ၏။ ပရမတ်ဘုရားရှင်သည် လူသားတို့အား ဤသို့ ဥပမာပုံ နည်းပြ၏။ ပရမတ်ဘုရားရှင်သည်ကား သဗ္ဗလုံးစုံအား ကုန်စင်သိနေတော်မူပေ၏။[၇၄၉] |
| ၃၆။ | **فِي بُيُوتٍ أَذِنَ اللَّهُ أَن تُرْفَعَ وَيُذْكَرَ فِيهَا اسْمُهُ يُسَبِّحُ لَهُ فِيهَا بِالْغُدُوِّ وَالْآصَالِ۞**<br>အိမ်များအတွင်း၊ ပရမတ်ဘုရားရှင်က ချီးမြှောက်ဘို့ရာ ခွင့်ပြုတော်မူ၍၊ ထို၌ အရှင်၏ ဂုဏ်တော်အား သတိရ ဘာဝနာပွားစေ၏။ ထို၌ နံနက်ပိုင်း ညနေပိုင်းတွင် အရှင်၏ အတုမဲ့ဂုဏ်တော်အား ရင့်ကျူးလေ့။ |
| ၃၇။<br><br>၂း၃ | **رِجَالٌ لَّا تُلْهِيهِمْ تِجَارَةٌ وَلَا بَيْعٌ عَن ذِكْرِ اللَّهِ وَإِقَامِ الصَّلَاةِ وَإِيتَاء الزَّكَاةِ يَخَافُونَ يَوْمًا تَتَقَلَّبُ فِيهِ الْقُلُوبُ وَالْأَبْصَارُ۞**<br>ပရမတ်ဘုရားရှင်အား ရှုမှတ်ဘာဝနာပွားခြင်း၊ **စိတ်လေ့ကျင့်မှု** မြဲခြင်း၊ လူမှုဖူလုံးကြေး ပေးကမ်းခြင်းများမှ လူသားအား စီးပွားလုပ်ခြင်း ကုန်ကူးခြင်းများက နောက်ဆံမတင်းစေနိုင်ချေ။ သူတို့သည် နှလုံးသားများ၊ စက္ခုအာရုံများ ကျိုးကန်းတောင်းမှောက် ဖြစ်ရမည့်နေ့ကို ကြောက်ရွံ့စိုးထိတ်ကြ၏။ |
| ၃၈။ | **لِيَجْزِيَهُمُ اللَّهُ أَحْسَنَ مَا عَمِلُوا وَيَزِيدَهُم مِّن فَضْلِهِ وَاللَّهُ يَرْزُقُ مَن يَشَاء بِغَيْرِ حِسَابٍ۞**<br>ပရမတ်ဘုရားရှင်သည် ကျင့်ဆောင်မှုများအတွက် သူတို့အား ကောင်းမှုကို အစားပေးလတ္တံ့၊ အရှင့်၏ သိက္ခာပေးခြင်းသည် သူတို့အား တိုးပွားစေလတ္တံ့၊ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သောသူအား စရင်းမရှိ ရိက္ခာထောက်တော်မူ၏။ |
| ၃၉။ | **وَالَّذِينَ كَفَرُوا أَعْمَالُهُمْ كَسَرَابٍ بِقِيعَةٍ يَحْسَبُهُ الظَّمْآنُ مَاء حَتَّى إِذَا جَاءهُ لَمْ يَجِدْهُ شَيْئًا وَوَجَدَ اللَّهَ عِندَهُ فَوَفَّاهُ حِسَابَهُ وَاللَّهُ سَرِيعُ الْحِسَابِ۞**<br>ဖုံးကွယ်သော သူတို့သည်ကား၊ သူတို့၏ ကျင့်ဆောင်မှုမှာ သဲကန္တာရထဲမှ တံလျှပ်ပမာ ဖြစ်၏။ ရေဆာသူသည် ၎င်းကို ရေထင်၍ ရောက်သည်ထိ လိုက်၏။ သို့သော် မည်သည်ကိုမျှ မတွေ့ရ၊ ၎င်းအစား ပရမတ် ဘုရားရှင်၏ ထံပါးသို့ ရောက်ကြောင်း တွေ့ရ၏။ သို့ဖြင့် သူသည် စာရင်းရှင်းရလေပြီ။ ပရမတ်ဘုရားရှင်သည် ချက်ချင်းလက်ငင်း စာရင်းရှင်းတော်မူပေ၏။ |

---

(၇၄၉) ဤသုတ်တော်သည် အစ္စလာမ် ဝိပဿနာကျင့်စဉ်၏ သော့ချက်များ ထဲမှ တစ်ခု ဖြစ်ပေသည်၊ ဤသုတ်တော်တွင် အရှင့်အား ရောင်ခြည်တော် **نُورُ နူးရ်** ရောင်ပြန်ဟပ်သော အလင်း ဟု သုံးထားပေသည်။ ထိုသို့သုံးနှုန်းပြောဆိုခြင်းမှာ သင်တို့ နှလုံးသားမှ လက်ခံ ခံစားနိုင်သော အရှင်ဟု ပုံပေါ်စေခြင်းငှာ ပြောဆိုခြင်း ဖြစ်ပေသည်။ အရှင့်အား တပ်အပ်သိ ခံစားနိုင်ရန် မိမိ၏ နှလုံးဒဟာယအား အမှောင်များကို အပြင်၌ထားခဲ့လျှက် အတွင်းတွင် ကြည်လင်တောက်ပနေရန် လိုကြောင်း **ကြေးမုံခွက်နောက်ခံဖြင့် မှန်သားပြင်ထဲမှ မီးအိမ်နှင့် တူ၏။ ထိုမီးအိမ်သည် ပုလဲဖြူရောင် တောက်ပသော ကြယ်ပွင့် ကဲ့သို့ ဖြစ်၏။** တဖန်ဆက်၍ **၎င်းကို အရှေ့စွန်း အနောက်စွန်းမှ မဟုတ်သော ကျက်သရေရှိသည့် သံလွင်ပင်မှ ထွန်းညှိထား၏။ ထိုမှ အဆီသည် မီး ထိကူးခြင်း မရှိဘဲ ပင်ကိုယ်တောက်ပလျှက် ရှိ၏၊** ဆိုသည်မှာ ဤသုတ်တော်မှ ပြောသော သံလွင်ပင်သည် အများထင်မှတ်နေသော မြေမှပေါက်သော အပင် မဟုတ်။ အခြေအမြစ် ခိုင်မာသော အစ္စလာမ်တည်းဟူသော မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ဟု ဖြစ်၍ ထိုအပင်သည် အလင်းရောင်အား ပေးနိုင်ပြီး– အတွင်း နှလုံးဒဟာယကိုလည်း ကြည်လင်တောက်ပစေကာ လောကဇစ်မြစ်၏ အရှင်ကိုလည်း တိကျသေချာစွာ ခံစားသိနိုင်ကြောင်းကို အာမခံထားခြင်း ဖြစ်ပေသည်။ ထိုအချက်ကို **ရောင်ခြည်ပေါ်၌ ရောင်ခြည် ထပ်ဆင့်လျှက် ရှိ၏။** ဟူသည်က ထောက်ပြထားပြီး– အစ္စလာမ်အား ငြင်းပါယ်ဖုံးကွယ်လျှက် အမိုက်မှောင်စီးနေသူများမှာမူ နှလုံးသား၌ အမှောင် တစ်ထပ်ပြီး တစ်ထပ် စီးမိုးလျှက် အလင်းရောင် ရနိုင်မည် မဟုတ်ဟု သုတ်တော် ၄၀ တွင် ပြောဆိုထားပေသည်။ အလ္လာဟ်အရှင်အား သိနိုင်သည့် တရားရောင်ခြည်အား မည်သည့် အမိုက်ကောင်မှ မှုတ်ငြိမ်းနိုင်မည် မဟုတ်ဟု ကျမ်းတော်၏ ၉း၃၂ နှင့် ၆၁း၈ တွင် အာမခံချက်ပေးထားပေသည်။

၄၀။ أَوْ كَظُلُمَاتٍ فِي بَحْرٍ لُّجِّيٍّ يَغْشَاهُ مَوْجٌ مِّن فَوْقِهِ مَوْجٌ مِّن فَوْقِهِ سَحَابٌ ظُلُمَاتٌ بَعْضُهَا فَوْقَ بَعْضٍ إِذَا أَخْرَجَ يَدَهُ لَمْ يَكَدْ يَرَاهَا وَمَن لَّمْ يَجْعَلِ اللَّهُ لَهُ نُورًا فَمَا لَهُ مِن نُّورٍ ۞

သို့မဟုတ် လှိုင်းလုံးကြီးအပေါ် လှိုင်းလုံးကြီးဆင့်နေ၍ ထိုအပေါ်မှ အမှောင်ထု တစ်ထပ်ပြီး တစ်ထပ် စီးနေသော တိမ်ထု ဖိထားသော ပင်လယ် နက်ကြီးထဲမှ အမှောင်ထုကြီးကဲ့သို့ ဖြစ်၏။ သူ့လက်ကို ဆွဲထုတ်လိုက်လျှင်ပင် ၎င်းကို မမြင်ရလု မတတ်ဖြစ်၏။ ပရမတ်ဘုရားရှင်သာ သူ့အတွက် အလင်းကို မစီမံပေးသော် သူ့အတွက် အလင်းရောင် မရှိတော့ပေ။

၄၀။ أَلَمْ تَرَ أَنَّ اللَّهَ يُسَبِّحُ لَهُ مَن فِي السَّمَاوَاتِ وَالْأَرْضِ وَالطَّيْرُ صَافَّاتٍ كُلٌّ قَدْ عَلِمَ صَلَاتَهُ وَتَسْبِيحَهُ وَاللَّهُ عَلِيمٌ بِمَا يَفْعَلُونَ ۞

☆ ၆း၃၈ မိုးများနှင့် မြေကမ္ဘာအတွင်း ရှိသူများ၊ စီတန်းနေသော ငှက်များသည်☆ ပရမတ်ဘုရားရှင်အား ဧကန်ပင် အတုမဲ့ကြောင်း ရှင့်ကျူးနေသည်ကို သင် မမြင်မိသလော၊ ကိုယ်စီကိုယ်ငှ ၎င်း၏ စိတ်လေ့ကျင့်မှုနှင့် အတုမဲ့ဂုဏ်တော်အား ၎င်း၏ ရှင့်ကျူးမှုကို သိနေကြ၏။ ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို သိနေတော်မူ၏။

၄၂။ وَلِلَّهِ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَإِلَى اللَّهِ الْمَصِيرُ ۞

မိုးများနှင့် မြေကမ္ဘာ၏ ဩဇာအာဏာသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ ပရမတ်ဘုရားရှင်၏ ထံသို့သာ ခရီးဆုံး ပန်းတိုင်ဖြစ်၏။

၄၃။ أَلَمْ تَرَ أَنَّ اللَّهَ يُزْجِي سَحَابًا ثُمَّ يُؤَلِّفُ بَيْنَهُ ثُمَّ يَجْعَلُهُ رُكَامًا فَتَرَى الْوَدْقَ يَخْرُجُ مِنْ خِلَالِهِ وَيُنَزِّلُ مِنَ السَّمَاءِ مِن جِبَالٍ فِيهَا مِن بَرَدٍ فَيُصِيبُ بِهِ مَن يَشَاءُ وَيَصْرِفُهُ عَن مَّن يَشَاءُ يَكَادُ سَنَا بَرْقِهِ يَذْهَبُ بِالْأَبْصَارِ ۞

☆ ၂း၁၉ ပရမတ်ဘုရားရှင်သည် တိမ်ဆိုင်များကို ရွေ့လျားစေ၍၊ ၎င်းတို့အား အတူစုပေါင်းစေလျက် တဖန် ၎င်းအား မိုးတိမ်ခဲ ဖြစ်စေ၏၊ သင်မြင်နိုင်သော မိုးအား ထို တိမ်သားထုမှ ထွက်လာစေသည်ကို သင် မဆင်ခြင်မိသလော။ အရှင်သည် ကောင်းကင်ယံမှ မိုးတောင်၊ မိုးသီးထုအား သွန်းချစေ၍၊ ၎င်းဖြင့် စံချိန်ပြည့်သူအား လွှမ်းခြုံထိသက်စေ၍၊ စံချိန်ပြည့်သူ အား ပျယ်လွင့်ဖယ်ခွာပေး၏။ အရှင်၏ လျှပ်စစ်ကွင်းရောင်သည် စက္ခုအလင်းကို သုတ်ငင်သွားမတတ်ဖြစ်၏။☆

၄၄။ يُقَلِّبُ اللَّهُ اللَّيْلَ وَالنَّهَارَ إِنَّ فِي ذَلِكَ لَعِبْرَةً لِّأُوْلِي الْأَبْصَارِ ۞

ပရမတ်ဘုရားရှင်သည် နေ့နှင့်ညကို ထပ်ကြပ်မကွာလိုက်စေ၏။ ဧကန်ပင် ဒိဗ္ဗစက္ခုရှိသူတို့အတွက် ဤ၌ သင်ခန်းစာတစ်ရပ် ရှိနေ၏။

၄၅။ وَاللَّهُ خَلَقَ كُلَّ دَابَّةٍ مِن مَّاءٍ فَمِنْهُم مَّن يَمْشِي عَلَى بَطْنِهِ وَمِنْهُم مَّن يَمْشِي عَلَى رِجْلَيْنِ وَمِنْهُم مَّن يَمْشِي عَلَى أَرْبَعٍ يَخْلُقُ اللَّهُ مَا يَشَاءُ إِنَّ اللَّهَ عَلَى كُلِّ شَيْءٍ قَدِيرٌ ۞

☆ ၂၁း၃၀ ★ ၂း၇၀ ပရမတ်ဘုရားရှင်သည် သတ္တဝါတိုင်းကို ရေမှ ဖြစ်တည်စေတော်မူ၏။☆ ၎င်းတို့မှ ဗိုက်ဖြင့် သွားသောအကောင်များ၊ ခြေ နှစ်ချောင်း ခြေလေးချောင်းဖြင့် သွားသောကောင်များကို ရှိစေ၏။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သည့်★ အလျှောက် ဖြစ်တည်စေ၏။ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ခပ်သိမ်းကုန်အား စည်းချိန်ပြဋ္ဌာန်းတော်မူနိုင်၏။[၇၅၀]

၄၆။ لَقَدْ أَنزَلْنَا آيَاتٍ مُّبَيِّنَاتٍ وَاللَّهُ يَهْدِي مَن يَشَاءُ إِلَى صِرَاطٍ مُّسْتَقِيمٍ ۞

---

(၇၅၀) ဤသုတ်တော်တွင် သတ္တဝါများ ဖြစ်တည်လာခြင်း အဆင့်သုံးဆင့်ကို ဖော်ပြပေးသည်။ ရေမှ ဖြစ်တည်ပြီးနောက် (၁) တွားသွား သတ္တဝါ အဆင့်၊ (၂) ခြေနှစ်ချောင်းဖြင့် သွားသော သတ္တဝါအဆင့် ဥပမာ ငှက်များကို ဆိုလိုသည်။ သို့သော် လူသားများကို ဤသုတ်တော်၌ ဖော်ပြခြင်း မရှိပေ။ လူသားသည် အမြင့်ဆုံး သတ္တဝါတစ်မျိုးဖြစ်၍– ဤသတ္တဝါများ ဖြစ်တည်လာသော အဆင့်၏ ယေဘုယ ဖော်ပြချက်တွင် ထည့်သွင်း ထား ခြင်း မရှိချေ။ (၃) ခြေလေးချောင်းဖြင့် သွားသော သတ္တဝါများ– ၎င်းတွင် များသော အားဖြင့် နို့တိုက် သတ္တဝါများကို အများစုကို ရည်ညွှန်း ပေးသည်။

| | |
|---|---|
| ☆<br>၂း၇၀ | မုချပင် ငါသည် ရှင်းလင်းထင်ရှားသော သုတ်ဒေသနာများကို ချမှတ်ပေးတော်မူ၏။ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်သူအား☆ မြဲမြံတည်တံ့သော လမ်းစဉ်သို့ ညွှန်တော်မူ၏။ |
| ၄၇။ | **وَيَقُولُونَ آمَنَّا بِاللَّهِ وَبِالرَّسُولِ وَأَطَعْنَا ثُمَّ يَتَوَلَّى فَرِيقٌ مِّنْهُم مِّن بَعْدِ ذَلِكَ وَمَا أُوْلَئِكَ بِالْمُؤْمِنِينَ۞**<br>"ကျွန်ုပ်တို့သည် ပရမတ်ဘုရားနှင့် ဥဇဏ်စဉ်ဆောင်အား ယုံကြည်ပါ၏။ နာခံပါ၏၊"ဟု ဆိုကြ၏။ တဖန် သူတို့မှ အုပ်စုတစ်စုသည် သည့်နောက်တွင်မှ လှည့်သွားကြ၏။ သူတို့သည်ကား ယုံကြည်သူများ မဟုတ်ကြချေ။ |
| ၄၈။ | **وَإِذَا دُعُوا إِلَى اللَّهِ وَرَسُولِهِ لِيَحْكُمَ بَيْنَهُمْ إِذَا فَرِيقٌ مِّنْهُم مُّعْرِضُونَ۞**<br>သူတို့၏ကြား၌ အဆုံးအဖြတ်ပေးရန် ပရမတ်ဘုရားရှင်နှင့် ဥဇဏ်စဉ်ဆောင်ဆီသို့ ဖိတ်ခေါ်သောအခါ၊ သူတို့မှ အုပ်စုတစ်စုသည် ဘက်လှည့်သွားကြ၏။ |
| ၄၉။<br>ကိုယ်<br>တော် | **وَإِن يَكُن لَّهُمُ الْحَقُّ يَأْتُوا إِلَيْهِ مُذْعِنِينَ۞**<br>သူတို့ဘက်၌ အမှန်တရားရှိလေလျှင်၊ သူတို့သည် **သူ့**ထံသို့ စိတ်တူကိုယ်မျှ ရှိခဲ့ကြလတ္တံ့။ |
| ၅၀။ | **أَفِي قُلُوبِهِم مَّرَضٌ أَمِ ارْتَابُوا أَمْ يَخَافُونَ أَن يَحِيفَ اللَّهُ عَلَيْهِمْ وَرَسُولُهُ بَلْ أُوْلَئِكَ هُمُ الظَّالِمُونَ۞**<br>သူတို့၏ နှလုံးသား၌ ရောဂါရှိနေကြသလော၊ သို့မဟုတ် သံသယဝင်နေကြသလော၊ သို့မဟုတ် ပရမတ်ဘုရားရှင်နှင့် ဥဇဏ်စဉ်ဆောင်က သူတို့အား အဝိဇ္ဇာစီးစေမည်ဟု စိုးကြောက်နေကြသလော၊ အမှန်မှာ ထိုသူတို့သာလျှင် အဝိဇ္ဇာစီးနေသူများ ဖြစ်ကြ၏။ |
| ၅၁။ | **إِنَّمَا كَانَ قَوْلَ الْمُؤْمِنِينَ إِذَا دُعُوا إِلَى اللَّهِ وَرَسُولِهِ لِيَحْكُمَ بَيْنَهُمْ أَن يَقُولُوا سَمِعْنَا وَأَطَعْنَا وَأُوْلَئِكَ هُمُ الْمُفْلِحُونَ۞**<br>သူတို့၏ကြား၌ အဆုံးအဖြတ်ပေးရန် ပရမတ်ဘုရားရှင်နှင့် ဥဇဏ်စဉ်ဆောင်ဆီသို့ ဖိတ်ခေါ်သောအခါ၊ ယုံကြည်သောသူများ၏ ပြောစကားမှာ– "ကျွန်ုပ်တို့ ကြားနာပါ၏၊ နာခံပါ၏၊"ဟူသော စကားပင် ဖြစ်၏။ ထိုသူများသည်သာ အောင်မြင်ပေါက်မြောက်သူများ ဖြစ်ကြ၏။ |
| ၅၂။ | **وَمَن يُطِعِ اللَّهَ وَرَسُولَهُ وَيَخْشَ اللَّهَ وَيَتَّقْهِ فَأُوْلَئِكَ هُمُ الْفَائِزُونَ۞**<br>ပရမတ်ဘုရားရှင်နှင့် ဥဇဏ်စဉ်ဆောင်အား နာခံသော၊ ပရမတ်ဘုရားရှင်အား ကြောက်ရွံ့တုန်လှုပ်သော၊ အရှင့်အတွက် စည်းစောင့်သော သူ၊ ထိုသူတို့သည် သရဖူဆောင်းသူများ ဖြစ်ကြ၏။ |
| ၅၃။ | **وَأَقْسَمُوا بِاللَّهِ جَهْدَ أَيْمَانِهِمْ لَئِنْ أَمَرْتَهُمْ لَيَخْرُجُنَّ قُل لَّا تُقْسِمُوا طَاعَةٌ مَّعْرُوفَةٌ إِنَّ اللَّهَ خَبِيرٌ بِمَا تَعْمَلُونَ۞**<br>စွမ်းစွမ်းတမံရုန်းကန်ကြရန် သင်က သူတို့အား စီမံချက်ချသော သူတို့သည် ထိုသို့ ထွက်ခွာသွားပါမည်ဟု ပရမတ်ဘုရားရှင်အား တိုင်တည်လျက်၊ ကျမ်းကျိန် ကျိန်ဆိုမှုပြုကြ၏။ "မကျိန်ဆိုကြလင့်၊ မျှတစွာ နာခံကြလော့၊ ပရမတ်ဘုရားရှင်သည် ကျင့်ကြံလေသမျှကို သတင်းသိနေတော်မူ၏၊"ဟု ဟောလော့။ |
| ၅၄။ | **قُلْ أَطِيعُوا اللَّهَ وَأَطِيعُوا الرَّسُولَ فَإِن تَوَلَّوا فَإِنَّمَا عَلَيْهِ مَا حُمِّلَ وَعَلَيْكُم مَّا حُمِّلْتُمْ وَإِن تُطِيعُوهُ تَهْتَدُوا وَمَا عَلَى الرَّسُولِ إِلَّا الْبَلَاغُ الْمُبِينُ۞**<br>ဟောလော့ "ပရမတ်ဘုရားရှင်အား နာခံကြလော့၊ ဥဇဏ်စဉ်ဆောင်အား နာခံကြလော့၊" အကယ်၍ သူတို့ လှည့်သွားကြလျှင် သူ့အပေါ်၌ သူ့ဝန်တာသည် ရှိ၍ သင်တို့အပေါ်၌လည်း သင်တို့၏ ဝန်တာသည် ရှိ၏။ သင်တို့သည် သူ့ကို နာခံကြလျှင် လမ်းညွှန်ခြင်း ခံရလတ္တံ့၊ ဥဇဏ်စဉ်တော်ဆောင်၏ ဝန်တာမှာ ရှင်းလင်းစွာ ဓမ္မရင့်သန် စေရန်သာ ရှိ၏။ |
| ၅၅။ | **وَعَدَ اللَّهُ الَّذِينَ آمَنُوا مِنكُمْ وَعَمِلُوا الصَّالِحَاتِ لَيَسْتَخْلِفَنَّهُم فِي الْأَرْضِ كَمَا اسْتَخْلَفَ الَّذِينَ مِن قَبْلِهِمْ** |

**وَلَيُمَكِّنَنَّ لَهُمْ دِينَهُمُ الَّذِي ارْتَضَى لَهُمْ وَلَيُبَدِّلَنَّهُم مِّن بَعْدِ خَوْفِهِمْ أَمْنًا يَعْبُدُونَنِي لَا يُشْرِكُونَ بِي شَيْئًا وَمَن كَفَرَ بَعْدَ ذَلِكَ فَأُوْلَئِكَ هُمُ الْفَاسِقُونَ۝**

သင်တို့အနက် ယုံကြည်လျက် ပြုပြင်ပြောင်းလဲမှု ပြုသောသူတို့အား ပရမတ်ဘုရားရှင်က ထားသော ကတိမှာ သူတို့မတိုင်မီ သမ္မတဖြစ်စေခဲ့သော သူတို့ကဲ့သို့ သင်တို့အား မြေကမ္ဘာ၌ သမ္မတများ ဖြစ်စေတော်မူမည်။ သူတို့အတွက် သာသနာတော်ကို ထူထောင်ပေး၍၊ သူတို့အတွက် လင်းဝင်းတောက်ပစေ၏၊ သူတို့အား ကြောက်ရွံ့ရခြင်းမှ အေးငြိမ်းသော အခြေအနေသို့ အစားထိုးလဲလှယ်ပေး၏။ သူတို့သည် ငါအရှင်အား ကိုးကွယ်ဆည်းကပ်ကြ၏။ ငါ့အား တစ်စုံတစ်ရာနှင့် ရောပြွမ်းကိုးကွယ်ခြင်း မရှိ။ သည့်နောက်တွင်မှ ဖုံးကွယ်သောသူ၊ ထိုသူတို့သည် ယုတ်မာကောက်ကျစ်သူများ ဖြစ်ကြ၏။

၅၆။ **وَأَقِيمُوا الصَّلَاةَ وَآتُوا الزَّكَاةَ وَأَطِيعُوا الرَّسُولَ لَعَلَّكُمْ تُرْحَمُونَ۝**

သင်တို့သည် ကရုဏာဘကိန်းသက်အံ့ငှာ– စိတ်သင်တန်း၌ မြဲကြ၏။ လှူမှုဖူလုံကြေး ပေးကြ၏။ ဉာဏ်စဉ်တော်ဆောင်အား နာခံကြကုန်၏။

၅၇။ **لَا تَحْسَبَنَّ الَّذِينَ كَفَرُوا مُعْجِزِينَ فِي الْأَرْضِ وَمَأْوَاهُمُ النَّارُ وَلَبِئْسَ الْمَصِيرُ۝**

ဖုံးကွယ်သော သူတို့သည် ကမ္ဘာပေါ်၌ အားနည်းချိနဲ့အောင် လုပ်ဆောင်နိုင်သည်ဟု မထင်ကြလင့်။ သူတို့အတွက် စခန်းအဖြစ် အပူမီးသည် ရှိနေ၏။ နိမ့်ကျသော ပန်းတိုင်ပင် ဖြစ်ချေ၏။

၅၈။ **يَا أَيُّهَا الَّذِينَ آمَنُوا لِيَسْتَأْذِنكُمُ الَّذِينَ مَلَكَتْ أَيْمَانُكُمْ وَالَّذِينَ لَمْ يَبْلُغُوا الْحُلُمَ مِنكُمْ ثَلَاثَ مَرَّاتٍ مِن قَبْلِ صَلَاةِ الْفَجْرِ وَحِينَ تَضَعُونَ ثِيَابَكُم مِّنَ الظَّهِيرَةِ وَمِن بَعْدِ صَلَاةِ الْعِشَاء ثَلَاثُ عَوْرَاتٍ لَّكُمْ لَيْسَ عَلَيْكُمْ وَلَا عَلَيْهِمْ جُنَاحٌ بَعْدَهُنَّ طَوَّافُونَ عَلَيْكُم بَعْضُكُمْ عَلَى بَعْضٍ كَذَلِكَ يُبَيِّنُ اللَّهُ لَكُمُ الْآيَاتِ وَاللَّهُ عَلِيمٌ حَكِيمٌ۝**

အို ယုံကြည်သော သူတို့၊ သင်တို့၏ သြဇာခံများနှင့် အရွယ်မရောက်သေးသော သူတို့သည် အချိန်သုံးပါး၌ သင်တို့ထံမှ
✡ ၂၄း အခွင့်တောင်းခံရမည်။ အလင်းဖြာထွက် စိတ်လေ့ကျင့်မှု မပြုမီအချိန်၊ ပူအိုက်၍ အဝတ်များကို ချွတ်ထားသော နေ့လည်ချိန်၊ ညဦးနှောင်း စိတ်သင်တန်း✡ ပြီးနောက်ပိုင်း အချိန်တို့ ဖြစ်၏။ သင်တို့အတွက် ပုဂ္ဂလိက လွတ်လပ်စွာ နေထိုင်သည့် အချိန်သုံးခု ဖြစ်၏။ ၎င်းတို့မှ နောက်အချိန်များသည် သင်တို့ အချင်းချင်း သွားလာလည်ပတ်ခြင်းအတွက် သင်တို့၊ သူတို့အပေါ်၌ အပြစ်မထိုက်ချေ။ သင်တို့အတွက် ပရမတ်ဘုရားရှင်သည် သုတ်ဒေသနာများကို ဤသို့ ရှင်းလင်းပေးတော်မူ၏။ ပရမတ်ဘုရားရှင်သည်ကား ကုန်စင်သိနေတော်မူ၏၊ ဓမ္မသတ်ရှင်ဖြစ်တော်မူ၏။

၅၉။ **وَإِذَا بَلَغَ الْأَطْفَالُ مِنكُمُ الْحُلُمَ فَلْيَسْتَأْذِنُوا كَمَا اسْتَأْذَنَ الَّذِينَ مِن قَبْلِهِمْ كَذَلِكَ يُبَيِّنُ اللَّهُ لَكُمْ آيَاتِهِ وَاللَّهُ عَلِيمٌ حَكِيمٌ۝**

သင်တို့အနက်မှ ကလေးသူငယ်များသည် အရွယ်ရောက်လာခဲ့သော် သူတို့မတိုင်မီ ရှေးသူများ၏ ခွင့်ပြုချက်တောင်းခံခဲ့သကဲ့သို့ အခွင့်တောင်းခံစေလော့။ ဤသို့ ပရမတ်ဘုရားရှင်သည် သင်တို့အဘို့ရာ သုတ်ဒေသနာများကို ရှင်းလင်းပေးတော်မူ၏။ ပရမတ်ဘုရားရှင်သည်ကား သိနေတော်မူသောအရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။[၇၅၁]

---

(၇၅၁) ဤသုတ်တော်များ ဖြစ်သည့် ၅၈၊ ၅၉ တို့သည် လူသားတို့၏ လူ့ကျင့်ဝတ် စည်းကမ်းများကို လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကပင် ပြဋ္ဌာန်းပေးထားပေသည်။ နံနက်မတိုင်မီ၊ ညဦးပြီးနောက် ဆိုသည်မှာ ညပိုင်း အိပ်နေသော အချိန်များဖြစ်၍၊ အိပ်မောကျနေသောကြောင့် ဝတ်ပစ်စလစ်များ ဖြစ်နေနိုင်သည်၊ ထို့အပြင် နေ့လည်ဘက်တွင်လည်း လွတ်လပ်စွာ အနားယူနိုင်ပေသည်။ ဤ အချိန်အခါမျိုးတွင် အိမ်မှ ဝန်ထမ်းများ သားမီးများ ဖြစ်လင့်ကစား မိဘတို့၏ အခန်းထဲသို့ ခွင့်တောင်းပြီးမှ ဝင်ရောက်ခွင့် ရှိသည်ဟူသည့် လူ့ကျင့်ဝတ်ကို ကျမ်းတော်က ပြဋ္ဌာန်းထားပေသည်။ ယခုအခါတွင် တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတိုင်း လူ့အသိုင်းအဝိုင်းတိုင်း သည် ဤဥပဒေအတိုင်း နေထိုင် ကျင့်ကြံ ကြပေပြီ။

၆၀။ وَالْقَوَاعِدُ مِنَ النِّسَاء اللَّاتِي لَا يَرْجُونَ نِكَاحًا فَلَيْسَ عَلَيْهِنَّ جُنَاحٌ أَن يَضَعْنَ ثِيَابَهُنَّ غَيْرَ مُتَبَرِّجَاتٍ
بِزِينَةٍ وَأَن يَسْتَعْفِفْنَ خَيْرٌ لَّهُنَّ وَاللَّهُ سَمِيعٌ عَلِيمٌ۞

သားဖွားရွယ်လွန်၍ ထိမ်းမြားပေါင်းသင်းနေထိုင်ရန် မဖြစ်နိုင်တော့သော သူမ အနေဖြင့် ကိုယ်အလှများကို မပေါ်မလျှော်စေဘဲ အပေါ်အင်္ကျီများကို ချွတ်ထားမိခြင်းသည် အပြစ်မထိုက်ချေ။ သို့သော် အိန္ဒြေစောင့်စည်းခြင်းသည် သူမတို့အတွက် ပိုမိုကောင်းမြတ်၏။ ပရမတ်ဘုရားရှင်သည် ကြားနေတော်မူသောအရှင် သိနေတော်မူသော အရှင် ဖြစ်၏။[၇၅၂]

၆၁။ لَيْسَ عَلَى الْأَعْمَى حَرَجٌ وَلَا عَلَى الْأَعْرَجِ حَرَجٌ وَلَا عَلَى الْمَرِيضِ حَرَجٌ وَلَا عَلَى أَنفُسِكُمْ أَن تَأْكُلُوا مِن
بُيُوتِكُمْ أَوْ بُيُوتِ آبَائِكُمْ أَوْ بُيُوتِ أُمَّهَاتِكُمْ أَوْ بُيُوتِ إِخْوَانِكُمْ أَوْ بُيُوتِ أَخَوَاتِكُمْ أَوْ بُيُوتِ أَعْمَامِكُمْ أَوْ
بُيُوتِ عَمَّاتِكُمْ أَوْ بُيُوتِ أَخْوَالِكُمْ أَوْ بُيُوتِ خَالَاتِكُمْ أَوْ مَا مَلَكْتُم مَّفَاتِحَهُ أَوْ صَدِيقِكُمْ لَيْسَ عَلَيْكُمْ جُنَاحٌ
أَن تَأْكُلُوا جَمِيعًا أَوْ أَشْتَاتًا فَإِذَا دَخَلْتُم بُيُوتًا فَسَلِّمُوا عَلَى أَنفُسِكُمْ تَحِيَّةً مِّنْ عِندِ اللَّهِ مُبَارَكَةً طَيِّبَةً كَذَلِكَ
يُبَيِّنُ اللَّهُ لَكُمُ الْآيَاتِ لَعَلَّكُمْ تَعْقِلُونَ۞

သင်တို့သည် သင်တို့၏အိမ်၌၊ သို့မဟုတ် သင်တို့၏ ဖခင်များ၏ အိမ်၌၊ သို့မဟုတ် သင်တို့၏ မိခင်များ၏ အိမ်၌၊ သို့မဟုတ် သင်တို့၏ အစ်ကိုများ၏ အိမ်၌၊ သို့မဟုတ် သင်တို့၏ အစ်မများ၏ အိမ်၌၊ သို့မဟုတ် သင်တို့၏ ဖခင်များ၏ ညီအစ်ကိုတို့၏ အိမ်၌၊ သို့မဟုတ် သင်တို့၏ ဖခင်များ၏ နှမများ၏ အိမ်၌၊ သို့မဟုတ် သင်တို့၏ မိခင်များ၏ အစ်ကိုမောင်များ၏ အိမ်၌၊ သို့မဟုတ် သင်တို့၏ မိခင်များ၏ အစ်မညီမများ၏ အိမ်၌၊ သို့မဟုတ် သင်တို့အတွက် တံခါးဖွင့်ခွင့်ရှိသော၊ သို့မဟုတ် မိတ်ဆွေများထံ၌ သင်တို့ စားသုံးနိုင်သကဲ့သို့ မျက်မမြင်သောသူများကို မငြိုငြင်ကြလင့်၊ ဒုက္ခိတများအား မငြိုငြင်ကြလင့်၊ နာမကျန်းသော သူတို့အား မငြိုငြင်ကြလင့်၊ သူတို့နှင့် အတူစု၍ သို့မဟုတ် သီးခြား စားသုံးခြင်းကြောင့် အပြစ်မထိုက်ချေ။ သင်တို့သည် အိမ်များအတွင်းသို့ ဝင်သောအခါ၊ “သင်တို့၏ စိတ်ဉာဉ်များ အပေါ်သို့ ငြိမ်းချမ်းခြင်း ရှိပါစေ၏၊”ဟု “ပရမတ်ဘုရားရှင်၏ ထံတော်မှ ကျက်သရေရကိန်းသက်ပါစေ၊ အပြစ်များကင်းသန့်ပါစေ၊”ဟု နှုတ်ဆက်စကား ဆိုကြလော့။ သင်တို့၌ အတွေးအခေါ်ရှိအံ့သောငှာ သင်တို့အတွက် ပရမတ်ဘုရားရှင်သည် သုတ်ဒေသနာတော်များကို ဤသို့ ရှင်းလင်းပေးတော်မူ၏။

၆၂။ إِنَّمَا الْمُؤْمِنُونَ الَّذِينَ آمَنُوا بِاللَّهِ وَرَسُولِهِ وَإِذَا كَانُوا مَعَهُ عَلَى أَمْرٍ جَامِعٍ لَمْ يَذْهَبُوا حَتَّى يَسْتَأْذِنُوهُ إِنَّ
الَّذِينَ يَسْتَأْذِنُونَكَ أُوْلَئِكَ الَّذِينَ يُؤْمِنُونَ بِاللَّهِ وَرَسُولِهِ فَإِذَا اسْتَأْذَنُوكَ لِبَعْضِ شَأْنِهِمْ فَأْذَن لِّمَن شِئْتَ
مِنْهُمْ وَاسْتَغْفِرْ لَهُمُ اللَّهَ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ۞

ကိုယ်တော်

ယုံကြည်သူစစ်စစ်တို့သည် ပရမတ်ဘုရားရှင်နှင့် ဥဇဏ်စဉ်တော်ဆောင်အား ယုံကြည်ကြ၏။ သူတို့သည် အစည်းအဝေးအစီအစဉ်၌ **သူ**နှင့်အတူရှိကြသော် သူတို့အား အခွင့်မပေးဘဲ ထွက်ခွာသွားခြင်း မရှိကြပေ။ သင့်ထံမှ ခွင့်တောင်းသောသူများ၊ ထိုသူများသာလျှင် ပရမတ်ဘုရားရှင်နှင့် အရှင့် ဥဇဏ်စဉ်တော်ဆောင်အား ယုံကြည်သောသူများ ဖြစ်၏။ သို့ဖြစ်၍ သူတို့၏ ကိုယ်ရေးကိုယ်တာကြောင့် ခွင့်တောင်းလာခဲ့သော် သူတို့မှ သင်ဆန္ဒရှိသောသူအား ခွင့်ပြုလော့၊ သူတို့အတွက် ပရမတ်ဘုရားရှင်၏ ထံမှ လွတ်ငြိမ်းဆုကိုတောင်းပေးလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင်၊ အကြင်နာရှင် ဖြစ်တော်မူပေ၏။

၆၃။ لَا تَجْعَلُوا دُعَاء الرَّسُولِ بَيْنَكُمْ كَدُعَاء بَعْضِكُم بَعْضًا قَدْ يَعْلَمُ اللَّهُ الَّذِينَ يَتَسَلَّلُونَ مِنكُمْ لِوَاذًا فَلْيَحْذَرِ

---

(၇၅၂) အစ္စလာမ်သာသနာသည် ဥပဒေပြဋ္ဌာန်းရာ၌ အလွန်သေချာသော သာသနာဖြစ်ပေသည်။ ဥပဒေတိုင်းတွင် ချွင်းချက်ဟူသည်မှာ ရှိစမြဲပင်။ ယုံကြည်သူများ၏ အဝတ်အစားနှင့် ပတ်သက်သော ဥပဒေကို သုတ်တော် ၃၀၊၃၁ နှင့် ၃၃ ၅၉ တွင် ပြဋ္ဌာန်းထားပေသည်။ ဤသုတ်တော်က အရွယ်လွန် အမျိုးသမီး၊ သက်ကြီးရွယ်အိုများ အတွက် ဥပဒေ၏ ချွင်းချက်ခံစားခွင့်ကို တိတိကျကျပေးထားပေသည်။ ဤသုတ်တော်တွင် ဆိုလိုသော အပေါ်အင်္ကျီဆိုသည်မှာ သုတ်တော် ၃၁ မှ အောက်ခံ အင်္ကျီကို ဆိုလိုခြင်း မဟုတ်ပေ။ ၃၃း ၅၉ မှ အပေါ်အင်္ကျီကိုသာ ဆိုလိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ကိုယ်တော် | **الَّذِينَ يُخَالِفُونَ عَنْ أَمْرِهِ أَن تُصِيبَهُمْ فِتْنَةٌ أَوْ يُصِيبَهُمْ عَذَابٌ أَلِيمٌ**۞<br>ဥဏ်စဉ်တော်ဆောင်၏ ဖိတ်ခေါ်ခြင်းကို သင်တို့အချင်းချင်း ဖိတ်ခေါ်မှုများ သကဲ့သို့ မကျင့်ကြံကြနှင့်၊ ပရမတ်ဘုရားရှင်သည် သင်တို့အနက်မှ တိတ်တဆိတ် နောက်ဆုတ် ရှောင်ဖယ်နေသူကို မုချ သိနေတော်မူ၏။ သို့ဖြစ်၍ **သူ** မိန့်မှာသည်တို့အား ရှောင်တိမ်းနေသော သူတို့သည် သူတို့ထံသို့ ကြပ်တည်းခြင်း မသက်ထိစေလင့်၊ သို့မဟုတ် စူးနစ်နာကျင်သော ဝဋ်ကြွေးကြီး မထိသက်စေလင့်။ |
| ၆၄။ | **أَلَا إِنَّ لِلَّهِ مَا فِي السَّمَاوَاتِ وَالْأَرْضِ قَدْ يَعْلَمُ مَا أَنتُمْ عَلَيْهِ وَيَوْمَ يُرْجَعُونَ إِلَيْهِ فَيُنَبِّئُهُم بِمَا عَمِلُوا وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ**۞<br>ယခုမှု[၇၅၃] ကောန်ပင် မိုးများနှင့် မြေကမ္ဘာတွင် ရှိသမျှတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ အရှင်သည် သင်တို့၏ အခြေအနေကို သိနေတော်မူ၏။ သူတို့သည့် အရှင့်ထံသို့ ဦးလှည့်ပြန်ရမည့် နေ့ကာလ၌ ကျင့်ကြံခဲ့သမျှကို ဆင့်ပြန်ခြင်း ခံရပေအံ့။ ပရမတ်ဘုရားရှင်သည်ကား သဗ္ဗလုံးစုံအား သိနေတော်မူ၏။ |

(၇၅၃) **ယခုမှု** ဟု ဘာသာပြန်သော **အာ့လ်လာ** ဆိုသည်မှာ **အချိန်မခါမလပ်** ဟု အနက်ကို ပေးပေသည်။